# ရာသီတွေပြောင်းလဲ မျှော်လင့်ချက်မြဲ

(၂၀၂၁ ခုနှစ်အတွက်သတင်းစကား)

ကသောင်းကနင်းနှင့် မသေချာမရေရာသော အချိန်များ၌ပင် အမျိုးသားများနှင့် အမျိုးသမီး အများအပြား၏ ကိုယ်ကျိုးစွန့်ပေးဆပ်မှုများကြောင့် လူသားများသည် ရှေ့အနာဂတ်ဆီသို့ ဦးတည် ရွေ့လျား နိုင်ကြခြင်းဖြစ်ပါသည်။

ပြီးခဲ့သည့် လအနည်းငယ်အတွင်း လူငယ်များစွာက သူတို့၏ အနာဂတ်နှင့် ပတ်သက်၍ သူတို့ စိုးရိမ်မှုများကို ကျွန်ုပ်တို့ကို ဝေမျှခဲ့ကြပါသည်။ မည်သည့်မျှော်လင့်ချက်က လမ်းကြောင်းမှန်ကို ပေးစွမ်းနိုင်မည်နည်း။ အရာရာ မသေချာသည့်အချိန်၌ မည်သည့်အရာကို ကျွန်ုပ်တို့ ယုံကြည်ကိုးစားပြီး မှီခိုအားထားနိုင် မည်နည်း။ ထို့အပြင် ပိုနက်ရှိုင်းစွာ စဉ်းစားကြည့်လျှင် မည်သည့်ရည်မှန်းချက်က အသက်ရှင်ရကျိုး ပိုနပ်မည်နည်း။ တချို့အသံများကလည်း “ ကျွန်ုပ်တို့သည် စိတ်ဓာတ် မကျဘဲ မျှော်လင့်ခြင်း လက္ခဏာများကို အာရုံစူးစိုက်ထားရမည်" ဟု ပြောဆိုနေပါသည်။

## မျှော်လင့်ခြင်းနိမိတ်လက္ခဏာများအား အာရုံစူးစိုက်ပါ

ကူးစက်ရောဂါ ဖြစ်ပွား နေသည့် လက်ရှိအခြေအနေ၌ ကမ္ဘာ့နေ ရာဒေသအနှံ့အပြားတွင် မရေရာမသေချာမှုများ ပိုများလာ နေသည်ကို ကျွန်ုပ်တို့ မြင်တွေ့ နေရပါသည်။ ရဲရင့်ပြတ်သားသော နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရန်လို အပ်ပါသည်။ သို့သော် စည်းလုံးညီညွတ်ရေးနှင့် လူမှုရေးဆိုင်ရာ ခင်မင်ရင်းနှီးမှု ကိစ္စရပ်များသည် ကျွန်ုပ်တို့အားလုံး ပါဝင်ဆောင်ရွက်နိုင်သော မဖြစ်မနေ လုပ်ဆောင်ကြရမည့် အရာများအဖြစ် ရှိနေပါသည်။ အခြားသူများအား အစေခံရန်အ သင့်ရှိနေကြသော လူများစွာ ရှိပါသည်။ ထိုသူများ၏ သဒ္ဓါရက်ရောမှုသည် အပြန်အလှန် ရှိုင်းပင်း ကူညီမှုအတွက် ကျွန်ုပ်တို့၏ အနာဂတ် လမ်းတစ်ခုကို ဖွင့်ပေးနေပါသည်။

ထို့ကြောင့် လူငယ်မောင်မယ်များသည် ကျွန်ုပ်တို့၏ဘုံ အိမ်အဖြစ်တည်ရှိသော ကမ္ဘာမြေကြီးကို ကယ်တင်ရန် သူတို့၏ စွမ်းအားများကို ဆက်ကပ်အပ်နှံ ထားသူများ ဖြစ်ကြပါသည်။ ဦးစီးဦးဆောင် လုပ်ဆောင်သူများသည်လည်း နေရာအနှံ့တွင် စတင်လှုပ်ရှား နေကြပါသည်။ ရာသီဥတု အရေးပေါ် အခြေအနေအတွက် အဖြေအားလုံးကို မပေးနိုင် သော်လည်း ယခုအချိန်တွင် သူတို့သည် ကျွန်ုပ်တို့အား ပတ်ဝန်းကျင်ကို ပိုမိုလေးစား တတ်သော ဘဝလမ်းစဉ်များဖြင့် နေထိုင်တတ်စေရန် အခွင့်သာလျက် ရှိနေပါသည်။ ခရစ်ယာန် ဘာသာတူများ အနေဖြင့် ကမ္ဘာမြေကြီးသည် ကျွန်ုပ်တို့ ကြည့်ရှုထိန်းသိမ်း စောင့်ရှောက်ရန်အတွက် ဘုရားသခင်ကိုယ်တိုင် အပ်ထားသည့် လက်ဆောင်တစ်ခု ဖြစ်ပါသည်။

လူများစွာတို့သည် တစ်ခါတစ်ရံ အတိတ်ကာလမှ အမွေဆက်ခံလာသော မတရားသော ဖွဲ့စည်းမှု ပုံစံများကို ပိုမိုသတိပြုမိလာ ကြပါသည်။ ဝမ်းနည်းစရာ ကောင်းသည်မှာ ရရှိထားသော အခွင့်အာဏာအား အများကောင်းကျိုးအတွက် အမြဲတမ်း အသုံးမပြုခဲ့ ကြခြင်းပင် ဖြစ်ပါသည်။ ထိုကဲ့သို့သော အလွဲသုံးစား ပြုမှုများနှင့် ရင်ဆိုင်ရသောအခါတွင် ခံပြင်းမှုနှင့် အမျက်ဒေါသ ဖြစ်ရခြင်းများကို နားလည်နိုင်ပါသည်။ ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းကို ပျက်ပြားစေသော ကွဲပြားခြားနားမှုများ၏ အခြားတစ်ဘက်တွင် တရားမျှတမှုနှင့် ငြိမ်းချမ်းမှုကို ဖန်တီးပေးသူများအဖြစ် မည်သူက အမှန်တကယ် လုပ်ဆောင်ပါမည်နည်း။

**ညီအစ်ကို မောင်နှမများအဖြစ် နေထိုင်ခြင်း**

မှန်ပါ၏။ ယခုကဲ့သို့ အခက်အခဲများအကြား လက်တွေ့ရင်ဆိုင်နေရသည့် အချိန်၌ ကျွန်ုပ်တို့သည် မျှော်လင့်ခြင်းကို မြင်တွေ့နိုင်ပြီး မျှော်လင့်ချက်များအားလုံး မရှိတော့လောက်အောင် ဆန့်ကျင်နေသည့် အချိန်၌ပင် မျှော်လင့်ခြင်း ထားရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ မျှော်လင့်ခြင်း ထားရန်အတွက် ကျွန်ုပ်တို့နှင့် ရွေးချယ်မှု မတူကြသည့် ခရစ်ယာန်များနဲ့ အခြား သင်းကွဲ ညီအစ်ကိုများ၊ အခြားသော ဘာသာတရားကို ယုံကြည်သူများ၊ ဘုရားတရား မယုံကြည်သူများ (သို့) ဘုရားမဲ့ ဝါဒီများ၊ စည်းလုံးမှု အပြန်အလှန် ရှိသောသူများနှင့် အတူယှဉ်တွဲ နေထိုင်ရမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့ ညီအစ်ကို မောင်နှမများသဖွယ် နေထိုင်ကြသောအခါ ပျော်ရွှင်မှုကို အသစ်တဖန် ဖြစ်ပေါ်စေပါသည်။ ကျွန်ုပ်တို့သည် အလွန်ဆင်းရဲ နွမ်းပါးသောသူများဖြစ်သည့် အိုးမဲ့အိမ်မဲ့ ဖြစ်နေသူများ၊ သက်ကြီးရွယ်အိုများ၊ ဖျားနာနေသောသူများ၊ အထီးကျန်ဆန်နေသူများ၊ အခက်အခဲများ ရင်ဆိုင်နေရသော ကလေးငယ်များ၊ မသန်မစွမ်းဖြစ်နေသူများနှင့် ရွှေ့ပြောင်း ဒုက္ခသည်များနှင့် အတူရှိနေရမည် ဖြစ်ပါသည်။ ဘဝအခြေအနေများက ကျွန်ုပ်တို့၏ ခုခံနိုင်မှု စွမ်းအားကို လျော့နည်း စေပါသည်။ ယခုလက်ရှိ ဖြစ်ပေါ်နေတဲ့ ကပ်ဘေးရောဂါသည်လည်း ကျွန်ုပ်တို့ လူသားထု တစ်ရပ်လုံးကို အားနည်းစေသော ပုံရိပ်အဖြစ် ထင်ဟပ် ပေါ်လွင်နေပါသည်။

ကျွန်ုပ်တို့ အချင်းချင်းအတူ ရပ်တည်ကြရန် အရင်ကထက်ပင် ပိုပြီးလိုအပ်နေပါသည်။ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကိုယ်တိုင် သူ၏ (Fratelli tutti) စာချွန်တော်၌ "အဘယ်သူမှ တစ်ဦး တစ်ယောက်တည်း ကယ်တင်ခြင်း မခံရပါ၊" ဟု ဆိုထားပြီး ကျွန်ုပ်တို့ကို အတူလုပ်ဆောင်တတ်ရန် သတိပေး ထားသည်။ ထို့အပြင် ပုပ်ရဟန်းမင်းကြီးက ကျွန်ုပ်တို့ကို တခြားသူများ အပေါ် ပွင့်လင်း မြင်သာမှု မရှိခြင်း၊ အခြားနေရာများတွင် ဖြစ်ပျက်နေသည့် စိန်ခေါ်မှုများကို မျှဝေခံစားမှု ကင်းမဲ့နေခြင်း၊ အခြားသော ယဉ်ကျေးမှုများ၏ ကြွယ်ဝလှပနေသည့် အရာများကို ပွင့်လင်းစွာ ကြိုဆိုအားပေးမှု မရှိခြင်းနှင့် အခြားသူများ၌ ဖြစ်ပျက်နေသည့် အဖြစ်ဆိုးများအတွက် မျှဝေထပ်တူ

ခံစားမှုနှင့် စိုးရိမ်ပူပန်မှု မရှိခြင်းတို့ကြောင့် ကျွန်ုပ်တို့၏ စစ်မှန်သော ကိုယ်ပိုင် ဝိသေသ လက္ခဏာများကို ရှာဖွေတွေ့ရှိနိုင်မည် မဟုတ်ပေ။

ကျွန်ုပ်တို့ တစ်ဦးချင်းနှင့် လူအများကြား ဆက်ဆံရေးမှာ ကျွန်ုပ်တို့ဟာ ပြိုင်ဆိုင်ခြင်းထက် အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းဆီသို့ ရောက်အောင် လုပ်ဆောင်ကြရမှာ ဖြစ်ပါသည်။ အတူတကွ ပူးပေါင်းခြင်းနှင့် စည်းလုံးညီညွတ်မှု လုပ်ငန်းများကို တိုးမြှင့် လုပ်ဆောင်နေသော ဒေသအလိုက်၊ တစ်နိုင်ငံလုံး အတိုင်းအတာအပြင် နိုင်ငံတကာနဲ့ ချိတ်ဆက်လုပ်ဆောင်နေသော အေဂျင်စီများနှင့် အဖွဲ့အစည်းများကို ဝိုင်းဝန်း ထောက်ပံ့ပေး ကြပါစို့။

ယုံကြည်ခြင်း - လက်ရှိအချိန်ကို ယုံကြည်ခြင်း

Taizé,တေဇေ ဆုတောင်းခြင်းတွင် လူငယ်များသည် ဘုရားသခင်အပေါ် ယုံကြည်ခြင်းအကြောင်းကို နည်းလမ်းသစ် သဖွယ် ပြန်လည်သုံးသပ်သည့် လမ်းကြောင်းမှန်၌ ရှိနေကြသည်ကို ကျွန်ုပ်တို့ သတိပြုမိ ပါသည်။ ယုံကြည်ခြင်း ဆိုသည်မှာ အဘယ်နည်း။ ဘုရားသခင် တည်ရှိနေသည်ဆိုပါက ထိုဘုရားသခင်သည် အတိတ်သမိုင်း၌ တက်ကြွစွာ တည်ရှိသကဲ့သို့ ကျွန်ုပ်တို့၏ ဘဝထဲတွင် တည်ရှိနေပါသလား။

အထက်ပါ မေးခွန်းနဲ့ပတ်သက်၍ ကျွန်ုပ်တို့သည် ဘုရားသခင်အပေါ် ယုံကြည်ခြင်း လျော့နည်းစေမည့် အမြင်သဘောထားများကို ရှောင်ရှားနိုင်ဖို့ အရေးကြီးပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့

စိတ်ကူးယဉ်နိုင်မှု အားလုံးထက် အနိုင်းမဲ့ ကြီးမားလှပါသည်။ ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာနှင့် အမှန်တရားကို ရှာဖွေ တောင့်တနေသောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ ဘဝခရီးသည် နေတိုင်း၌ ကျွန်ုပ်တို့ဘဝများကို ရှေ့ရှုနေကြသည်ကို အားလုံး ခံစားကြရပါသည်။ သို့သော်လည်း ယုံကြည်ခြင်း ခရီးသွားဖော်များ ဖြစ်ကြသည့် ကျွန်ုပ်တို့သည် အတူလက်တွဲကာ ခရီးဆက်ပြီး ခိုင်မာသော ယုံကြည်ချက်နှင့်အတူ ကျွန်ုပ်တို့ ရှာဖွေနေသော မေးခွန်းများကိုလည်း တစ်ဦးနှင့် တစ်ဦး ဝေမျှရမည် ဖြစ်ပါသည်။

ကိုရင်ကြီးလောဂျာ(Brother Roger)က "ယုံကြည်ခြင်းသည် အရိုးရှင်းဆုံး ဘုရားသခင်အပေါ် ထားရှိသော ယုံကြည်စိတ်ချမှုဖြစ်ပြီး ကျွန်ုပ်တို့၏ ဘဝတွင် ယုံမှားသံသယ ဖြစ်ဖွယ် ကြုံလာ ရလျှင်လည်း ဘုရားသခင်အား အကြိမ်းပေါင်း ထောင်သောင်းမက စိတ်ချယုံကြည်ခြင်းပင် ဖြစ်သည်” ဟု ပြောထားပါသည်။

ယုံကြည်ခြင်းသည် အဓိကအားဖြင့် ကျွန်ုပ်တို့၏ နက်ရှိုင်းသည့် ဖြစ်တည်မှုရဲ့နှင့် စကြာဝဠာ တစ်ခုလုံးတွင် အမှန်တကယ် တည်ရှိမှုနှစ်ခုလုံးအပြင် တွေ့ရန်ခက်ခဲသော်လည်း စစ်မှန်စွာ တည်ရှိနေခြင်းကို ယုံကြည်ခြင်း မဟုတ်ပါလား။ ဘုရားသခင်၏ ဖြစ်တည်မှုသည် အတင်းအကြပ် ပေါ်လွင်လာမည် မဟုတ်ပါ။ ကျွန်ုပ်တို့ တစ်ဦးစီသည် အချိန်တိုင်းနှင့် ဝင်သက်ထွက်သက်ကို ရှူရှိုက် သကဲ့သို့ တိတ်ဆိတ်ငြိမ်သက်မှုတိုင်းကို ကြိုဆိုလက်ခံခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ သံသယများနှင့်

ဘုရားသခင် မည်သူမည်ဝါဖြစ်သည်ကို ကျွန်ုပ်တို့ အနည်းငယ်သာ နားလည်သည် ဟူသော ခံစားချက်များ ရှိနေသော်လည်း ဘုရားသခင်၏ ဖြစ်တည်မှုသည် ဂရုစိုက်မှု၊ ကရုဏာတရားနှင့် အမြဲအတူ တည်ရှိနေပါသည်။

**အမြင်သစ်ဖြင့် ခွဲခြားဆုံးဖြတ်ခြင်း**

သနားကရုဏာပြသတည်ရှိမှု - ဤနက်နဲရာအချက်က မည်သည့် ဧဝံဂေလိအလင်းကို အလင်းကျေးဇူး ဖြန့်ချက် ဖော်ဆောင်နေပါသနည်း။

သခင်ယေရှုသည် သူ၏သနား ကရုဏာသက်မှုဖြင့် အသက်ဆုံးအထိ ပေးဆပ် လုပ်ဆောင် ခဲ့ပါသည်။ ထိုအရာ ကိုလည်း အစဉ်မပြတ် အလေးထား လုပ်ဆောင်ခဲ့၏။ ၎င်းသည် သူ့အသက်တာအတွက် ဘုရားသခင်၏ တည်ရှိမှု၊ သန့်ရှင်းတော် ဝိညာဉ်တော် ဘုရား၏ လှုံ့ဆော်မှုနှင့် သူ့အတွင်းစိတ်၏ အလင်းတော် ဖြစ်ပါသည်။

သခင်ယေရှု၏ နက်ရှိုင်းသည့် ဒုက္ခဝေဒနာနှင့် အကြွင်းမဲ့ အထီးကျန် ခံစားခြင်းကနေ၊ လက်ဝါးကပ်တိုင်မှာ အသေခံတော့မည့်အချိန်နှင့် အရာရာတိုင်း အဓိပ္ပါယ်မဲ့နေတဲ့ချိန်မှာ သူ၏ စွန့်ပစ်ခံရသည့် ခံစားချက်များကို အော်ဟစ်ငိုကြွေးရင်း ထုတ်ဖော်ပြသခဲ့ပါသည်။ သို့သော် “အကျွန်ုပ်၏ ဘုရား၊ အကျွန်ုပ်၏ ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်ထား တော်မူပါသနည်း”

ဟူသော စကားလုံးများဖြင့် သူ့အဖ ခမည်းတော်ဘုရား တိုင်တည်ခဲ့ပါသည်။ သခင်ယေရှုး၏ ချစ်ခြင်းမေတ္တာကို အမှောင်မိုက်ဆုံးအချိန်အထိ ယူဆောင်လာခဲ့သည့်အရာများမှာ သစ္စာဖောက်ခံရခြင်း၊ ညှဉ်းပန်းနှိပ်စက် ခံရခြင်းနှင့် သေဒဏ်ပေးခံရခြင်းတို့ ဖြစ်သည်။ ထိုချစ်ခြင်းမေတ္တာတရားသည် မကောင်းမှုထက် ပိုအားကောင်းကြောင်း ပြသနေ၏။ သခင်ယေရှုး ရှင်ပြန် ထမြောက်တော်မူသည် ဟူသော လုံးဝမမျှော်လင့်ထားသည့် မယုံနိုင်စရာ သတင်းကောင်းကို မာရိယာမက်ဒလေးနားနှင့် တမန်တော်ကြီးများက ဖြန့်ခဲ့ကြသည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်သည် အမုန်းတရားနှင့် သေခြင်းတရားကို အောင်နိုင်ခဲ့လေသည်။

ထိုသတင်းကို လက်ခံရရှိကြသည့် ကနဦး ခရယာန်များသည် အလွန်အားရကာ သခင်ယေရှုးသည် ဘုရားသခင်နှင့်အတူ သက်ရှိထင်ရှား တော်မူကြောင်းကို သက်သေခံသူများ ဖြစ်လာကြသည်။ သခင်ယေရှုးသည် အနန္တစကြဝဠာတွင် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် တည်ရှိတော်မူသည့်အပြင် လူအယောက်တိုင်းစီတွင်လည်း ကိန်းဝပ်စံပယ် တော်မူသည်။ သခင်ယေရှုးသည် ဆင်းရဲသားများနှင့်အတူ တစ်လုံးတစ်ဝတည်း ရှိတော်မူလျက် သူတို့အတွက် တရားမျှတမှုကို ဆောင်ကြဉ်းပေး၏။ သူသည် ဖန်ဆင်းခြင်းနှင့် သမိုင်းကို ပြည့်စုံစေပြီး ကျွန်ုပ်တို့ သေဆုံးသည့်အခါ၌လည်း ဝမ်းမြောက်ရွှင်လန်းစွာ ကျွန်ုပ်တို့အား ကြိုဆိုတော်မူမည်။ လူတို့၏

အကြမ်းဖက်မှု၊ သဘာဝ ဘေးအန္တရာယ်များနှင့် ကပ်ရောဂါများကို ကျော်လွန်ကာ အဆုံးမရှိသော အမြင်သစ်တစ်ခုကို လမ်းဖွင့်ပေးထားသည်။ ဤအရာ သင် ခွဲခြား ဆုံးဖြတ် နိုင်မည်လော။

**ကျွန်ုပ်တို့၏ အမြင်ကို ပြောင်းလဲခြင်း**

ရှင်ပြန်ထမြောက် တော်မူသော သခင်ယေရှုသည် ထိုအမြင်သစ်ကို ပြသတော်မူသဖြင့် ကျွန်ုပ်တို့၏ တည်ရှိနေခြင်း၌ အလင်းတရား ဝင်ရောက်နိုင်ခြင်း ဖြစ်ပါသည်။ ၎င်းသည် ကြောက်ရွံ့ခြင်း အရိပ်ကို ကြိမ်းဖန်များစွာ ဖယ်ရှားပေးကာ ကောင်းမွန်သည့် အသက်စမ်းရေကို ကောင်းစွာဖြစ်သဖြင့် ဝမ်းမြောက်စွာ ချီးမွမ်းစိတ်များ ဖြစ်ပေါ်လာရသည်။

ထိုအကြောင်းကြောင့် ၎င်း၏ လျှို့ဝှက်မှုကို ဆန်းကြယ်နက်နဲသည့် ဆွဲအားဖြင့် ကျွန်ုပ်တို့ သိရှိနိုင်ပါသည်။ သခင်ယေရှုသည် နောက်ဆုံးသောနေ့၌ အနန္တစကြဝဠာ တစ်ခုလုံးနှင့် ဘုရားသခင်ချစ်သည့် လူသားအားလုံးကို အတူတကွ ဆက်လက် စုရုံးပေးတော်မူမည်။ သူသည် ကျွန်ုပ်တို့ကို မစ်ရှင် လုပ်ငန်း၏ လုပ်ဖော်များ ဖြစ်စေ၏။

သခင်ယေရှုက ကျွန်ုပ်တို့ကို အသင်းတော်အဖြစ် လုပ်ဖော်များ ဖြစ်စေတော်မူသည်။ ထိုကဲ့သို့ လုပ်ဆောင်နိုင်ရန် ကျွန်ုပ်တို့၏ ခင်မင်ရင်းနှီးမှုကို တိုးချဲ့နိုင်ရမည်။ သခင်ယေရှုက ကျွန်ုပ်တို့၏

ရန်သူများကိုပင် ချစ်ခင်တတ်ရန် တောင်းဆို တော်မူသည်။ သူ၏ ငြိမ်းချမ်းမှုသည် ဆန့်ကျင်သည့်

တိုင်းနိုင်ငံများကိုပင် ပြန်လည် သင့်မြတ်စေနိုင်သည်။

သခင်ယေဇူးက ကျွန်ုပ်တို့ရဲ့ အမြင်ကို ပြောင်းလဲပေးပါစေ။

သခင်ယေဇူးအားဖြင့် ကျွန်ုပ်တို့ ပိုပြီး ရှင်းလင်းစွာ သိနိုင်ပါသည်။

ဤသို့ ကပ်ရောဂါ ဖြစ်ပွားနေသည့် အချိန်၌ အသင်းတော်က လူ့မိသားစုအတွင်း

ညီအစ်ကိုမောင်နှမသဖွယ် ပေါင်းစည်းဖို့အတွက် ဆက်လက် မြှင့်တင်လုပ်ဆောင် ပေးနိုင်ပါ၏။

အကြံပြုချက် အများအပြားရှိသော်လည်း အချက် သုံးခုကို ကြည့်ကြပါစို့။

ကျွန်ုပ်တို့၏ လူ့ဘောင်အဖွဲ့အစည်းကို ပိုပြီးလူသားပီတစေရန် လုပ်ဆောင်ရာ၌ ကျွန်ုပ်တို့၏

မတူကွဲပြားမှုများအကြား အတူတူ လျှောက်လှမ်းနိုင်ရန် မုန်းတီးမှုများကို လျော့ပါးစေပြီး

တစ်ယောက်နဲ့ တစ်ယောက် နားထောင်ပေးနိုင်ရန် လိုအပ်ပါသည်။ အသင်းတော်က တွေ့ဆုံ ညှိနှိုင်း

ဆွေးနွေးမှုများ ပြုလုပ်ရန်နှင့် အသင်းတော်၏ အပြင်ဘက်ကို ထွက်လာပြီး လူတိုင်းနှင့် တွေ့ဆုံနိုင်ရန်

ဖြစ်ပါသည်။ ခရစ်ယာန် အဖွဲ့အစည်းများနှင့် မသက်ဆိုင်သည့် တခြားသူများပါ ဤကဲ့သို့

တွေ့ဆုံညှိနှိုင်း ဆွေးနွေးရန် အဆင်သင့် ရှိကြမည်လော။

ရွှေ့ပြောင်း အလုပ်သမားများနှင့် ဒုက္ခသည်များစွာ ရောက်ရှိနေခြင်းနှင့် ရင်ဆိုင်နေရသည့် အချိန် အနှင်ခံရသူများ သို့မဟုတ် မိသားစုများကို ကြိုဆိုခြင်းဖြင့် ကျွန်ုပ်တို့၏ အသင်းတော်နှင့် သာသနာ့ တိုက်နယ်၊ အဖွဲ့အစည်းအတွက် အားပေးမှု ဖြစ်စေနိုင်ပါသည်။ ဘုရားကျောင်း မတက်တော့သည့် လူများသည် ဤကဲ့သို့သော ကြိုဆိုမှုမျိုး၌ ပါဝင်ရန် အသင့်ရှိ တတ်ကြပါသည်။ ကျွန်ုပ်တို့လည်း မကြာသေးမီက နှစ်များတွင် Taizé တေဇေလုပ်ရင်း ဤကဲ့သို့ တွေ့ကြုံခဲ့ကြပြီး ကျွန်ုပ်တို့၏ ဒေသ အတွင်းရှိ လူတွေနှင့်အတူ နိုင်ငံများစွာမှ ရွှေ့ပြောင်းအလုပ်သမားများကို ကြိုဆိုခဲ့ကြပါသည်။

ကြိုဆိုတတ်သည့် အသိုင်းအဝိုင်း တစ်ခုအနေနှင့် အထိခိုက်လွယ်ဆုံးသူများကို နားထောင်ပေးရ ပါမည်ဖြစ်ပါသည်။ အသင်းတော်က နေရာအများအပြားရှိ အားလုံး၏ ဂုဏ်သိက္ခာ -သမာဓိကို ပိုပြီး ကာကွယ်ပေးရန် လိုအပ်နေပါသည်။ တစ်ခါတလေတွင် သူတို့၏ အတွင်း၌ အာဏာဖွဲ့စည်း တည်ဆောက်ပုံများက ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဝိညာဉ်ရေးပိုင်းဆိုင်ရာ ဆင်းရဲမှုများကို ဖြစ်ပေါ်စေ ပါသည်။ ထို့ကဲ့သို့ မဖြစ်ရအောင် Taizé တေဇေ၌လည်း ကျွန်ုပ်တို့အားလုံး အမှန်တရားအတွက် ပိုလုပ်ဆောင်ကြရပါမည်။

လူသားတိုင်း၏ ဂုဏ်သိက္ခာနှင့် ဖန်ဆင်းခြင်း၏ ဂုဏ်အသရေ။

မျှော်လင့်ခြင်းသည် ခရစ်တော်၌ အမြစ်တွယ်နေသောကြောင့် ဆက်လက်ကြီးထွား လာပါသည်။ တည်ငြိမ် အေးချမ်းမှုနဲ့အတူ ကမ္ဘာမြေပေါ်တွင် ကျွန်ုပ်တို့အား ဘုရားသခင် အပ်နှင်းထားသော တာဝန်များကို ထမ်းဆောင်ရန် ရဲစွမ်းသတ္တ ရှိကြပါသည်။

ဤသတင်းစကားကို ပြန်လည်စဉ်းစား ထောက်ရှုလိုသူများအတွက် ဆုတောင်းခြင်းအားဖြင့် ကျွန်ုပ်အတူ ပေါင်းစည်းလျက် ရှိနေပါသည်။

အိုသခင်ယေဇူး ကိုယ်တော်၏ ရိုးရှင်း ကောင်းမြတ်တော်မူခြင်းအတွက် ကိုယ်တော်ကို ချီးမွမ်းပါသည်။ ကိုယ်တော်၏ ဘဝတစ်လျှောက်လုံးဖြင့် နှိမ့်ချစွာ ဘုရားသခင်၏ အလင်းတော်ကို ပြသပေးခဲ့သည်။ ထိုအလင်းသည် ယနေ့ ကျွန်ုပ်တို့၏ စိတ်နှလုံးထဲ၌ ထွန်းလင်းတောက်ပပါ၏။ ထိုအလင်းသည် ကျွန်ုပ်တို့၏ ဒဏ်ရာများကို ကုစားနိုင်ပြီး ကျွန်ုပ်တို့၏ အားနည်းချက်များနှင့် မသေချာမရေရာမှုများကို အသက်စမ်းရေတွင်းဖြစ်စေခြင်း၊ တီထွင်ဖန်တီးနိုင်စွမ်းအားရှိခြင်းနှင့် ယုံကြည်ခြင်း၏ လက်ဆောင် အဖြစ်သို့ပင် ပြောင်းလဲစေနိုင်သည်။ ကျွန်ုပ်တို့အပေါ်၌ ဘုရားသခင်၏ အလင်းတော်ကို လင်းစေခြင်း အားဖြင့် ကျွန်ုပ်တို့သည် အရာရာကို မျှော်လင့်နိုင် စေတော်မူ၏။

**ထောက်ရှုသုံးသပ်ရန် ကျမ်းချက်များ**

မာရိယာက မြွက်ဆိုသည်ကား

(ကိုယ်တော်သည် အင်အားကြီးသော သူတို့ကို အရိုက်အရာမှ ချတော်မူ၍ နှိမ့်ချသော သူတို့ကို ချီးမြှောက်တော်မူ ပြီ.....ကြွယ်ဝသော သူတို့ကို လက်ချည်း သက်သက်လွှတ်လိုက် တော်မူပြီ။)

(ရှင်လုကာ ၁: ၄၆-၅၆)

သခင်ယေရှု၏ မိခင် မယ်တော်မာရိယားသည် လုံးဝဥသုံပြောင်းလဲခြင်း၏ အားတက်စရာ မျှော်လင့်ခြင်းရှိသော နူညံ့သိမ်မွေ့ခြင်းနှင့် ချစ်ခြင်းမေတ္တာတို့ကို ပေါင်းစည်းပေး နိုင်စေခဲ့သည်။

ယေရှု မိန့် တော်မူသည်မှာ “ငါ၏ နာမ၌ ခမည်းတော် စေလွှတ်တော်မူမည့် ကူညီစောင်မသူ ဝိညာဉ်တော်မြတ်သည် ဤအကြောင်း အရာအလုံးစုံ တို့ကို သင်တို့အား သွန်သင်မည်ဖြစ်၍ သင်တို့အား ငါမိန့်မှာထားသမျှကို တစ်ဖန်သတိရစေ တော်မူလိမ့်မည်။”

(ရှင်ယောယန် ၁၄: ၁၅-၃၁)

ယေရှုသည် ကျွန်ုပ်တို့ကို အထီးကျန်စွာ ကျန်ရစ်မထားခဲ့ပါ။ ကိုယ်တော် မသေမီအချိန်တွင် မိမိ၏ တပည့်တော်ကြီးများနှင့်အတူ အစဉ်အမြဲရှိကာ သန့်ရှင်းသော ဝိညာ ဉ်တော်အားဖြင့် သူတို့နှင့် အတူ ရှိနေတော်မူမည်ဟု အတိအကျ မိန့်မှာ ထားခဲ့ လေသည်။ နေ့စဉ်နေ့တိုင်း ဝိညာဉ်တော်သည် ကျွန်ုပ်တို့၌ ကိန်းအောင်းလျက် ကျွန်ုပ်တို့ကို အားပေးနှစ်သိမ့်ပေး တော်မူသည်၊ ကျွန်ုပ်တို့ကို သခင်ယေရှု၏ နောက်လိုက်များအဖြစ် နေထိုင်နိုင်ရန် လုပ်အပ်နေသည့် အရာများကို ဖြည့်ဆည်း ပေးကာ အားပေးလှုံ့ဆော်တော်မူသည်။

ကောင်းကင်နှင့် မြေကြီးသည်လည်း ပျော်ရွှင်ဝမ်းမြောက် ပါစေ။ ပင်လယ်နှင့် ပင်လယ်အတွင်း၌

ရှိသမျှတို့သည်လည်း မြည်ဟည်း ကြပါစေ။ လယ်ကွင်းများနှင့် ၎င်း၌ ရှိသမျှတို့သည်

အားရရွှင်လန်း ကြပါစေ။ သစ်တော၌ ရှိသောသစ်ပင် အပေါင်းတို့သည်လည်း ရွှင်လန်းစွာ သီဆိုကြ

လိမ့်မည်။ အကြောင်းမူကား ကိုယ်တော် ကြွလာ တော်မူလေပြီ။ ကမ္ဘာမြေကြီးကို တရားစီရင်

တော်မူရန် ကိုယ်တော် ကြွလာ တော်မူလေပြီ။ ကိုယ်တော်သည် ကမ္ဘာမြေကြီးအား ဖြောင့်မတ်

မှန်ကန်ခြင်းဖြင့် လည်းကောင်း ၊ လူတို့အား သမ္မာတရားတော်ဖြင့် လည်းကောင်း စီရင်

တော်မူလိမ့်မည်။

(ဆာလံ: ၉၆ )

ဘုရားသခင်ကို ချီးမွမ်းဖို့ရန် ဆာလံကျမ်းများစွာက ကျွန်ုပ်တို့ကို ဖိတ်ခေါ်လျက်ရှိသည်။

ဘုရားသခင်အား ချီးမွမ်းခြင်းများကို လူသားများပင်မက ဖန်ဆင်းခံ အခြားအရာ

သတ္တဝါအားလုံးသည် သီဆို ကျေးဇူး ကြလေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏

ဖြစ်တည်ရပ်တည် ရမှု အတွက် လိုအပ် နေခြင်းကြောင့်လည်း ဖန်ဆင်းခံ အရာသတ္တဝါတို့ကို

ထိန်းသိမ်းစောင့်ရှောက်ခြင်း တစ်ခုတည်း အတွက်  မဟုတ်ဘဲ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုယ်တိုင်

လှပစွာ ပုံဖော်ထုဆစ်ထားသည့် ဖန်ဆင်းခံ အရာများထဲတွင် ရှင်သန် နေကြသည့် အရာအားလုံး၏

အစိပ်အပိုင်း ဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

## ၂၀၂၁ခုနှစ်၏ ယုံကြည်သူ လောကခရီးသည်

ယုံကြည်အပ်နှံသည့် ခရီးသည်မှာ ကမ္ဘာလောကကြီးတွင် ဆက်လက် လျှောက်လှမ်းရသော နေပါမည်။ ယခုလက်ရှိ၌ မသေချာမရေရာမှုများသည် ကျွန်ုပ်တို့အား နည်းလမ်း အသစ်ကို ရှာဖွေရန် တွန်းအား ပေးလျက်ရှိနေသည်။ အင်တာနက်ကွန်ရက်ကို စတင်အသုံးပြုခြင်း နည်းလမ်း အားဖြင့် ကပ်ရောကြောင့် အသွားအလာကန့်သတ်ပြီး အိမ်အပြင်မထွက်ဘဲ နေရချိန်၌ပင် အများနှင့်အတူ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောဆိုနေနိုင်ခြင်းမှာ တန်ဖိုးရှိသော ဆက်သွယ်ရေး နည်းလမ်းကြောင့် ဖြစ်ပါသည်။

ကပ်ရောဂါ ဆက်လက် ရှိနေခြင်းကြောင့် ကျွန်ုပ်တို့ ချမှတ်အစီအစဉ်ဆွဲထားသည့် တွေ့ဆုံ ဆွေးနွေးပွဲ အားလုံးကို ကျင်းပဖို့ရန် မသေချာတော့ပေ။ သို့သော်လည်း ၂၀၂၁ခုနှစ်တွင် ယုံကြည်အပ်နှံသည့် ခရီးကို အောက်ပါအတိုင်း အစီအစဉ်များ ပြုလုပ် ဆောင်ရွက်နိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့် ထားပါသည်။

အကယ်၍ ကျန်းမာရေး အခြေအနေပေးလျှင် ကျွန်ုပ်တို့ Taizé တောဧ အပတ်စဉ် တွေ့ဆုံ ဆွေးနွေးခြင်းများကို တစ်နှစ်ပတ်လုံး ပြုလုပ်နိုင်မည် ဖြစ်ပါသည်။

ကမ္ဘာနေရာအရပ်ရပ်တွင် ရှိနေကြသည့် ညီအစ်ကိုမောင်နှမများလည်း အင်တာနက်ဖြင့် ချိတ်ဆက်ပြီး

Taizé တေဇေ အွန်လိုင်း တွေ့ဆုံဆွေးနွေးပွဲများကို ပြုလုပ် နိုင်မည်ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၁၄)ရက်မှ (၁၈)ရက်နေ့အထိ ခရစ်ယာန်လူငယ်များနှင့် မွတ်စလင်

လူငယ်များအကြား အားလပ်ရက် ခင်မင်ရင်းနှီးမှုတည်ဆောက်မှာ ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်၊ သြဂုတ်လ (၂၂)ရက် မှ (၂၉) ရက်နေ့ အထိ အသက် (၁၈)နှစ် မှ (၃၅)နှစ် အကြား

ရှိသူများအတွက် အလေးအနက် ထောက်ရှုသုံးသပ်မည့် အစီအစဉ် ရှိမည် ဖြစ်သည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ (၂၈) မှ - ၂၀၂၂ခုနှစ်၊ ဇန်နဝါရီ (၁) ရက်နေ့ အထိ တူရင်းမြို့တွင်

ဥရောပတိုက်သားများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပါမည်။

နောက်ဆုံးအနေဖြင့် ၂၀၂၁-ခုနှစ်တွင် ကြေငြာခဲ့သည့် သန့်ရှင်းသောမြေ (Holy Land) တွင်

ပြုလုပ်သော ယုံကြည်ခြင်း ဘုရားဖူး ခရီးသည် အစီအစဉ်ကို ၂၀၂၁ခုနှစ်တွင် ပြုလုပ်သွားနိုင်မည်ဟု

ကျွန်ုပ်တို့ မျှော်လင့်ပါသည်။